**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNICEF အဖွဲ့တို့မှ တာဝန်ရှိသူများ မွန်ပြည်နယ်တွင် MOBILE DEVICE များအသုံးပြု၍ ဖွားသေစာရင်းဖြည့်စွက်ခြင်း စီမံချက်ဆောင်ရွက်ထားရှိမှု အခြေအနေများအား တင်ပြခြင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့်မိန့်ခွန်း ကောက်နုတ်ချက်**

**နေပြည်တော်** **၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၂၈)ရက်**

- နိုင်ငံတော်မှ E-government စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ခေတ်မီသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ၊ အီလက်ထရောနစ်နည်းပညာများကို အသုံးပြုကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊
- ဝန်ကြီးဌာနတွင် eHealth Unit ကိုထားရှိကာ ဆောင်ရွက်လျက်ရှိပါကြောင်း၊
- မွန်ပြည်နယ်တွင် Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များအသုံးပြု၍ ဖွားသေစာရင်းဖြည့်စွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခြင်းနှင့် အောင်မြင်မှုရရှိနေခြင်းများသည် မိမိတို့ဝန်ကြီးဌာန၏ ကာကွယ်ဆေးထိုးလုပ်ငန်းများနှင့် မိခင်နှင့်ကလေးများ ကျန်းမာရေးစီမံချက်လုပ်ငန်းများအတွက် အလွန်အရေးကြီးပါကြောင်း၊
- ယခုစီမံချက်အား ဆန်းစစ်သုံးသပ်ခြင်းလုပ်ငန်းများပြုလုပ်ကာ အားနည်းချက်များဖော်ထုတ်ခြင်း၊ အားဖြည့်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်မှုမှာကောင်းမွန်ပြီး ကိန်းဂဏန်းများဖြင့် (quantitative) ဆန်းစစ်လေ့လာမှုသာမက စကားစုများဖြင့် (qualitative) ဆန်းစစ်လေ့လာမှုကိုပါ ပြုလုပ်စေလိုပါကြောင်း၊
- လုပ်ငန်းဆောင်ရွက်မှုများ ရေရှည်တည်တံ့ရန်အတွက် စောင့်ကြည့်အကဲဖြတ်ဆန်းစစ်အဖွဲ့တစ်ခုကို ဝန်ကြီးဌာနမှ ဖွဲ့စည်းပြီးဆောင်ရွက်စေမည်ဖြစ်ပါကြောင်း၊
- Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များအသုံးပြုစာရင်းဖြည့်စွက်ရာတွင် မွေးဖွားသည့်ကလေးငယ်တွင် မွေးရာပါချို့ယွင်းချက်များ ရှိ၊ မရှိ အချက်နှင့် မိခင်အနေဖြင့် ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုကို အကြိမ်ရေမည်မျှ ခံယူခဲ့မှု အချက်များကိုပါ ထည့်သွင်းစေလိုပါကြောင်း၊
- ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး/ပြည်နယ် (၁၂)ခုမှ တိုက်နယ်နှင့် မြို့နယ်ဆရာဝန်များ၊ အခြေခံကျန်းမာရေးပညာရှင်ဝန်ထမ်းများထံ Mobile Tablet များ ဖြန့်ဝေထားပြီးဖြစ်သဖြင့်

မိမိတို့အနေဖြင့် ဤစီမံချက်ကို တိုးချဲ့ကာ တစ်ပြည်လုံးအတိုင်းအတာအထိရရှိအောင် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊

- ဖွားသေစာရင်းများကို စာရွက်ဖြင့် ဖြည့်စွက်ခြင်းကို မလုပ်ဆောင်တော့ဘဲ Mobile Device (မိုဘိုင်းဖုန်းနှင့် တက်ဘလက်) များအသုံးပြု၍ ဖြည့်စွက်ခြင်းကိုသာ ကူးပြောင်းလုပ်ဆောင်ရန် အတွက် ဆွေးနွေးပွဲတစ်ရပ်ပြုလုပ်ကာ အသေးစိတ်ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရမည်ဖြစ်ပါကြောင်း၊
- အဆိုပါ ဆွေးနွေးပွဲတွင် ဝန်ကြီးဌာနမှ မိခင်ကျန်းမာရေးဌာနခွဲ၊ ကလေးကျန်းမာရေးဌာနခွဲ၊ eHealth Unit၊ ကျန်းမာရေးသတင်းအချက်အလက်ဌာနခွဲတို့မှ တာဝန်ရှိသူများ၊ ဖွားသေစာရင်းများ ဖြည့်စွက်ကြီးကြပ်ရသည့် ဆေးရုံအုပ်များနှင့် သားဖွားဆရာမများ ပါဝင်တက်ရောက်ရမည်ဖြစ်ပါကြောင်း။

**အစည်းအဝေးသို့ တက်ရောက်သူများစာရင်း –**

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ
- Unicef အဖွဲ့မှ Social Policy Specialist
- Unicef အဖွဲ့မှ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ်
- စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန်
- ဗဟိုစာရင်းအင်းအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ်

(ဤမိန့်ခွန်းသည် ပြည်ထောင်စုဝန်ကြီး၏ လက်ရေးမူမှ ပြန်လည်ရိုက်နှိပ်ထားခြင်းဖြစ်ပါသည်။)